FPB
First Private Bank

ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်

No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.

TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749 / 246 786
FAX : 095 -1- 242 320 / 250 148
Website : www.firstprivatebank.com.mm
e-mail : hofirst.office@fpb.com.mm
admindept.ho@fpb.com.mm


# ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ အမှုဆောင်အရာရှိချုပ်ခန့်အပ်ကြောင်း အစုရှယ်ယာရှင်များအား အသိပေးအကြောင်းကြားခြင်း

၁။ ပထမပုဂ္ဂလိကဘဏ်လီမိတက် (First Private Bank) သည် ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့အချိန်တွင်(၃၁)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဘဏ်ခွဲပေါင်း(၃၈)ခုနှင့် ဝန်ထမ်းပေါင်း (၆၄၀)ကျော်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော အများပြည်သူယုံကြည်အပ်နှံသည့် ဘဏ်တစ်ခု ဖြစ်ပါသည်။ ပထမပုဂ္ဂလိကဘဏ်လီမိတက်သည် ချေးငွေများ၊ စာရင်းပိုထုတ်ချေးငွေများ၊ မော်တော်ကား အရစ်ကျဝယ်ယူခြင်း၊ အိမ်ယာအရစ်ကျဝယ်ယူခြင်း အစရှိသည့် ဝန်ဆောင်မှုများ ၊ ငွေလွှဲလုပ်ငန်း ဝန်ဆောင်မှုများ ၊ နိုင်ငံတကာဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ၊ **JICA SME Loan (Two-step Loan)** ချေးငွေများ ၊ **MSME** နှင့် **Retail လုပ်ငန်းများအား** ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ **ထို့အတူ** ပထမပုဂ္ဂလိကဘဏ်လီမိတက်အနေဖြင့် စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးမှ **Customer** များ၏ အပ်နှံငွေများ၊ ငွေသွင်း ၊ ငွေထုတ်၊ ငွေလွှဲခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် **Saving ၊ Special Saving၊ Fixed ၊ Special Fixed ၊ Call ၊ Special Call ၊ Current ၊ Foreign Currency Account** များ **Remittance နှင့် Payment Service** များ အစရှိသည့် ဝန်ဆောင်မှုများစွာကို ဆောင်ရွက်ပေးလျှက် ရှိပါသည်။

၂။ ပထမပုဂ္ဂလိကဘဏ်လီမိတက်အနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ၎င်း၏ ဘဏ်လုပ်ငန်းဆောင်ရွက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုကောင်းမွန်သောနည်းစနစ်များဖြင့် ခေတ်မီတိုးတက်သော နည်းပညာအသုံးပြုသည့် ဘဏ်စနစ်တစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းရန်အတွက် ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့တို့မှ ကြိုးစားဆောင်ရွက်လျှက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဘဏ်၏ တိုးတက်ပြောင်းလဲမှုများကို အရှိန်မြှင့်တင်နိုင်ရန်အတွက် ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်ပြီး အတွေ့အကြုံရှိသည့် အမှုဆောင်အရာရှိချုပ် ဦးသူရကို ခန့်ထားရန် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့ပါ သည်။

၃။ ပထမပုဂ္ဂလိကဘဏ်လီမိတက်(**First Private Bank**) ၏ အမှုဆောင်အရာရှိချုပ်အဖြစ် ဦးသူရအား ခန့်အပ်ခွင့်ပြုပါရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြလျှောက်ထားခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၃ခုနှစ်၊နိုဝင်ဘာလ(၁၅)ရက်နေ့စွဲပါ စာအမှတ်-၁၇၈၈/ကက(၁)/၃/၆၆၅/၂၀၂၃-၂၀၂၄ ဖြင့် ခွင့်ပြုပေးခဲ့ပါသည်။

၄။ ဦးသူရသည် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးနယ်ပယ်တွင် နှစ်ပေါင်း(၃၀)ကျော် အတွေ့အကြုံ ရှိခဲ့သူ ဖြစ်ပါသည်။၁၉၈၈ခုနှစ်တွင် **B.Com** ဘွဲ့ကို **Banking & Management Science** ဘာသာတွဲဖြင့် ရရှိခဲ့သူဖြစ်၍ ၁၉၉၂ခုနှစ်မတ်လတွင် နိုင်ငံပိုင်ဘဏ်ကြီးဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၌ လက်ထောက်မန်နေဂျာရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မြန်မာ့စီးပွားရေးဘဏ်တွင် တာဝန်ထမ်းဆောင်နေစဉ် (၂၀၀၀)ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ မဟာဘွဲ့သင်တန်းတက်ရောက်ရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(**IMF**) မှ ချီးမြှင့်သည့် ပညာသင်ဆုကို ရရှိခဲ့ပြီး ၂၀၀၁ခုနှစ်တွင် ဂျပန်နိုင်ငံ ၊ တိုကျိုမြို့ရှိ National Graduate Institute for Policy Studies (GRIPS) မှ Master of Public Policy(MPP)ဘွဲ့ကို ရရှိခဲ့ပါသည်။

ဦးသူရသည် မြန်မာ့စီးပွားရေးဘဏ်တွင် ရာထူးတာဝန်အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တိုင်းဒေသကြီးမန်နေဂျာအဖြစ်လည်းကောင်း ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာန၊ ချေးငွေကြီးကြပ်ကွပ်ကဲရေးဌာနနှင့် သုတေသန၊ လေ့ကျင့်ရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနတို့တွင် လက်ထောက်အထွေထွေမန်နေဂျာရာထူးဖြင့် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ဦးသူရသည် မြန်မာ့စီးပွားရေးဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ပြည်တွင်း၊ ပြည်ပနိုင်ငံများတွင် ပို့ချခဲ့သည့် သင်တန်းများ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများအား တက်ရောက်ခဲ့ပါသည်။

၂၀၁၅ခုနှစ် ဇူလိုင်လမှ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ ကိုရီးယားနိုင်ငံ၏ ဦးဆောင်ကူးသန်းရောင်းဝယ်ရေး ဘဏ်ကြီးတစ်ဘဏ်ဖြစ်သည့် **Woori Bank** ၏ ရန်ကုန်ကိုယ်စားလှယ်ရုံးခွဲတွင် **Chief Representative** အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဦးသူရသည် အသေးစားနှင့်အလတ်စား လုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တွင် အမှုဆောင်အရာရှိချုပ် အဖြစ် ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ ၂ နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

၅။ ဦးသူရ၏ ဘဏ်လုပ်ငန်း အတွေ့အကြုံများ ၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေး အတွေ့အကြုံများ ၊ ပညာအရည်အချင်းပြည့်ဝမှုနှင့် ဘဏ်လုပ်ငန်းကျွမ်းကျင်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်တို့သည် ကျွန်ုပ်တို့ **FPB ဘဏ်၏** မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့် တိုးတက်မှု အလားအလာများကို ပြည့်မီပြီး ပိုမိုစနစ်ကျ အောင်မြင်သည့် ဘဏ်တစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များကို အသိပေးအကြောင်းကြားအပ်ပါသည်။

**First Private Bank Limited**